# “မဖြစ်နိုင်မှုကိုကျော်လွှားခြင်း”

## Defy the Impossible

သင်သည်တစ်ခုခုကို ဖတ်လိုက်မိသည်နှင့် ထိုအကြောင်းအရာသည် သင်၏စိတ်ထဲတွင် စွဲနေခဲ့ဖူးပါသလား။ မကြာသေးမီက မဂ္ဂဇင်းစာအုပ်တစ်အုပ်ထဲမှ “မဖြစ်နိုင်မှုကို အဆုံးစီရင်ခြင်း” ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်နှင့် ကျွန်ုပ်၏စိတ်ထဲတွင် ထိုသို့စွဲမြဲသွားခဲ့မိသည်။ (“အဆုံးစီရင်ခြင်း” ဟူသော စကားလုံးတွင် သင့်အာရုံကို ဖမ်းစားနိုင်သော နည်းလမ်းတစ်ခုရှိပေသည်။) ထိုဆောင်းပါးကို ကပြာကရာပင် ဖတ်လိုက်သည်။ ကမ္ဘာ့အမြင့်ဆုံးတောင်များကို တက်ရောက်ခဲ့သူတစ်ဦး၏ အကြောင်းကို ရေးသားထားခြင်းဖြစ်သည်။ တကယ်တော့ သူ၏တစ်ဘဝလုံးကို အကျွမ်းကျင်ဆုံးနှင့် အောင်မြင်မှုအရှိဆုံးသော တောင်တက်သမားတစ်ဦးဖြစ်ရန် ရည်စူးခဲ့သူဖြစ်သည်။ ထိုဆန္ဒအရှိဆုံးသော တောင်တက်သမားတစ်ဦးဖြစ်ရန် ရည်စူးခဲ့သူဖြစ်သည်။ ထိုဆန္ဒမရှိဘဲနှင့် အောင်မြင်မှုရမည်မဟုတ်ပေ။ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရင်းဖြင့် ကျန်းမာကြံ့ခိုင်အောင် ကြိုးစားခဲ့သည်။ ထိုသို့တောင်တက်ရာတွင် တစ်ခါက နှင်းကိုက်သဖြင့် သူ၏ခြေချောင်းကလေး ၇ ချောင်းပဲ့ကြွေခဲ့ရသည်။ သူကား ဖွဲမလျှော့ဘဲ မဖြစ်နိုင်မှုကို အန်တုမည့်နည်းလမ်းသစ်များကို ဆက်လက်ကြိုးစားရှာဖွေခဲ့သည်။

မဂ္ဂဇင်းကို လက်မှချထားလိုက်ပြီးနောက် မဖြစ်နိုင်မှုကို အန်တုခြင်း၏ ဆိုလိုရင်းကို သဘောပေါက်လာခဲ့သည်။ ဦးစွာ မဖြစ်နိုင်မှုဟူသည် အဘယ်နည်း။ အသိမကြွယ်သေးသော ဘာမျှမသိသေးသော ကလေးငယ်တစ်ဦးမှသည် ဉာဏ်ပညာအပြည့်စုံဆုံးသော လူကြီးတစ်ဦးအထိ ကျွန်ုပ်တို့အတွက် အစပထမတွင် မဖြစ်နိုင်ပါဟု ယူဆရသော အရာများစွာကို ကြုံတွေ့ခဲ့ရသည်ချည်းပင်။ မဖြစ်နိုင်သော အရာများကို အတွေ့အကြုံများအရ လွယ်ကူစွာဖြေရှင်းနိုင်သော လူကြီးများနှင့်မတူညီဘဲ ကလေးများသည်လည်း မဖြစ်နိုင်မှုများကို ကျော်လွှားချင်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကြီးပြင်းလာသည်နှင့်အမျှ ကလေးဆန်သော အရောင်မဆိုးသည့် ယုံကြည်ချက်နှင့် ကိုးစားအားထားမှုကြောင့် မဖြစ်နိုင်ဟူသော သံသယများ ပျောက်ကွယ်တတ်သည့် အရည်အသွေးကြောင့်ပင် ဖြစ်သည်။ သူတို့လဲပြိုပါက ဖမ်း၍ထိန်းပေးမည့် သူတို့၏မိဘများအပေါ်တွင် ယုံကြည်ကိုးစားကြသည်။ သူတို့၏ ယုံကြည်မှုအတိုင်း အောင်မြင်ဖြစ်မြောက်သွားပြီးလျှင် တစ်ကြိမ်လျှင် အခက်အခဲတစ်ခုကို ကျော်လွှားလွန်မြောက်တတ်ရန် မှတ်မိသိရှိသွားပေသည်။

ထိုသို့သဘောပေါက်လိုက်သည့်အခိုက် ကျွန်ုပ်၏စိတ်ထဲတွင် စွဲမှတ်သွားစေသောအရာကား မဖြစ်နိုင်မှုကို နှိမ်နင်းသည့်တစ်ခုတည်းသော သော့ချက်မှာကား ဘုရားသခင်ကို ယုံကြည်ခြင်းပင်တည်း။ ဘုရားသခင်၏ လက်တော်ကို စွဲကိုင်၍ ဘုရားသခင်၏ အကူအညီကို ရယူသည်နှင့် မဖြစ်နိုင်မှုများကို ဘုရားသခင်က ကျော်လွှားလွန်မြောက်အောင် စောင့်ရှောက်ကယ်တင်နိုင်ပေသည်။ သမိုင်းတစ်လျှောက် ထင်ရှားကျော်ကြားသော အမျိုးသား၊ အမျိုးသမီးကြီးများသည် မဖြစ်နိုင်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကျော်လွှားအောင်မြင်ခဲ့ကြရသည်ကို သူတို့ကိုယ်တိုင် စွဲထင်မှတ်မိနေဆဲဖြစ်သည်မှာ အထက်ပါအကြောင်းကြောင့်ပင်ဖြစ်သည်။ အောင်မြင်မှုသို့ လှမ်းချီသောခရီးကား ရှည်လျားသလောက် တန်ဖိုးလည်းရှိသည်။ သို့သော် ထိုသို့သော ခရီးရှည်ကြီးကို သူတို့သည် တစ်ကြိမ်လျှင် တစ်လှမ်းဖြင့် မှန်မှန်လျှောက်လှမ်းခဲ့ကြသည်။ သူတို့သည် ယုံကြည်မှုစွဲမြဲသဖြင့် မဖြစ်နိုင်မှုများကို နင်းချေကျော်ဖြတ်ခဲ့ကြသည်။ အောင်မြင်သောအခါ နောက်ထပ်တွေ့ကြုံရမည့် စိန်ခေါ်မှုကို ရင်ဆိုင်ရန် ဆက်လက်လျှောက်လှမ်းခဲ့ကြသည်။

စုန်ချည်၊ ဆန်ချည်ဖြစ်နေသော ဘဝ၏ယက်ကန်းစင်ကြီးက ကြီးမားကျယ်ပြန့်လာလျှင် ဘုရားသခင်၏လက်ကို ဆွဲကိုင်၍ တစ်ကြိမ်လျှင် တစ်လှမ်းဖြင့် မှန်မှန်လျှောက်လှမ်းပါ။ မဖြစ်နိုင်မှုများကို ဖြစ်နိုင်မှုများဖြစ်လာအောင် ဘုရားသခင်စွမ်းဆောင်နိုင်ပါသည်။

(အေရီယန်နာ ကီးတင်း)
(By. Ariana Keating)

# “ယုံကြည်မှုဖြင့်လျှောက်လှမ်းပါ”

## Walk by Faith

“ကျွန်တော်ကတော့ မြင်မှပဲယုံမယ်။ လက်တွေ့မြင်ခြင်းဟာ ယုံကြည်ခြင်းပဲ” ဟု ခေတ်ကာလလူအများ ပြောလေ့ရှိကြသည်။ သို့သော် ယင်းကား ယုံကြည်မှုအလုပ်များ၏ လမ်းစဉ်မဟုတ်ပေ။ ခရစ်ယာန်ဘာသာဝင်များအဖို့မူကား ယုံကြည်ခြင်းသည် သိမြင်ခြင်းပင်ဖြစ်သည်။ ရှေးဦးစွာ ဘုရားသခင်က ကျွန်ုပ်တို့အား သူ့အပေါ်ယုံကြည်ကိုးစားစေလိုသည်။ ထိုသို့သော ယုံကြည်ကိုးစားမှသာ အဖြေကိုသိမြင်လာပေလိမ့်မည်။ ကျွန်ုပ်တို့က သူ့အားချစ်မြတ်နိုး၍ အမှန်တကယ် ကိုးစားအားထားစိတ် ရှိမရှိသိရှိရန်အတွက် သူက ကျွန်ုပ်တို့ကို ယုံကြည်မှု၊ ကိုးစားမှုကာလများဖြင့် စမ်းသပ်လေ့ရှိပါသည်။ ကျွန်ုပ်တို့တွင် စစ်မှန်သော ယုံကြည်မှု ရှိမရှိ သူသိမြင်ချင်သည်။ ကျွန်ုပ်တို့မြင်နိုင်စွမ်း မရှိသောအရာကို ယုံကြည်ရန် ကျွန်ုပ်တို့၏ ယုံကြည်မှုကို သူလက်ခံသည်။

ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ကြည့်မြင်နေသော အခြေအနေမျိုး သို့မဟုတ် သူ့ကိုကြည့်မြင်ခြင်း မရှိသည့် အခြေအနေမျိုးများတွင် ဘုရားသခင့်ထံမှ ယုံကြည်မှုကို ကျွန်ုပ်တို့သိရှိရန် မမျှော်မှန်းနိုင်ပေ။ “ကမ်းမှာသာကျောက်ချပြီး ရပ်ထားလိုက်စမ်းပါ။ မဖြစ်နိုင်တာကို ဖြတ်ကူးဖို့ မကြိုးစားပါနဲ့၊ မြုပ်သွားရုံပဲရှိမှာပေါ့” ဟု လူအများက ဆိုလေ့ရှိကြပါသည်။ “ရေနက်ရာအရပ်သို့ ရှေ့ဦးလော့။ ပိုက်ကွန်ကိုချ၍ ငါးကိုအုပ်စမ်းလော့။ ငါသည် သင်တို့ကို ထားစရာနေရာ မရှိလောက်အောင် များပြားသာငါးတို့ကိုပေးအံ့” (ရှင်လူကာခရစ်ဝင် ၅း၄–၉) “လှိုင်းတွေကိုကြည့်ဦး။ သဘော်ာရဲ့ အခြေအနေကိုလည်း ကြည့်ပါဦး။ ဘယ်လိုမှ ဖြတ်ကူးနိုင်မှာမဟုတ်ဘူး” ဟု လူအများက ပြောကြသည်။ ဘုရားသခင်ကမူ “ငါသည်

ပင်ဖြစ်သည်။ လူမတတ်နိုင်သောအမှုကို ဘုရားသခင်တတ်နိုင်တော်မူသည်။ ဘုရားသခင်အား ယုံကြည်သောသူများအတွက် မတတ်နိုင်သောအရာမရှိ" ဟု မိန့်တော်မူသည်။ (ရှင်မဿဲခရစ်ဝင် ၁၄း ၂၉–၃၁၊ ရှင်လုကာခရစ်ဝင် ၁း၃၇၊ ၁၈း၂၇)

ကျွန်ုပ်တို့ခြေချရန် မမြင်ရသောမြေပြင်ကို ယုံကြည်မှုဖြင့် လှမ်းထွက်သည့်အကြိမ်ပေါင်းလည်း မနည်းတော့ပါပြီ။ ဘုရားသခင်၏ ကောင်းချီးကို ခံယူရေးအတွက် ပထမဦးဆုံးခြေလှမ်းကို ယုံကြည်မှုဖြင့် လျှောက်လှမ်းကြရမည်။ သို့ရာတွင် အဆိုပါခြေလှမ်းကို ယုံကြည်မှုဖြင့် လှမ်းခြင်းဖြစ်သည့်ပြင် ထိုခြေလှမ်းသည် ဘုရားသခင်၏အလိုလည်း ဖြစ်ပါမူ ဘုရားသခင်သည် လူတို့အတွက် မဖြစ်နိုင်သော လူတို့စွမ်းအားဖြင့် မဖြစ်နိုင်သော အရာကို ဖန်ဆင်းပေလိမ့်မည်။ တစ်လှမ်းပြီးတစ်လှမ်း သူလိုက်ပါလာပြီး လမ်းညွှန်ပြသကာ ကျွန်ုပ်တို့၏ ယုံကြည်မှုနှင့် ဆုတောင်းခြင်းကို ပို၍ပို၍ ချီးမြှင့်မြှောက်စားပေလိမ့်မည်။ ကျွန်ုပ်တို့၏ တောင်းဆိုမှုများကို ပိုမိုဖြည့်ဆည်းပေးပါလိမ့်မည်။

– ဖြတ်၍မကူးနိုင်သောမြစ်ကို သင်တွေးမိပါသလား။
– မတတ်ရောက်နိုင်သောတောင်ကို သင်စဉ်းစားမိပါသလား။
– မဖြစ်နိုင်သောအရာများကို ဖြစ်မြောက်နိုင်စွမ်းအရာ၌
  ဘုရားသခင်သည် ဆရာတစ်ဆူဖြစ်သည်။
– မည်သည့်မိတ်ဆွေသူငယ်ချင်းမျှ မတတ်နိုင်သောအရာကို
  ဘုရားသင်သာ တတ်နိုင်သည်။

(အော်စကားစီ အီလီယာဆန်)
(Oscar C. Eliason)

(ဒေးဗစ်ဘရန့်တ်ဘာ့ဂ်)
(By. David Brandt Berg)